10 April 2019

# FUNDAMENTAL RIGHTS CANNOT BE VOTED DOWN: FREEDOM OF WORSHIP DENIED TO MUSLIMS IN MAGWE REGION'S

# အခြေခံရပိုင်ခွင့်ကို မဲခွဲ၍မရ: မကွေးတိုင်း၊ ချောက်မြို့က မွတ်စလင်တွေ လွတ်လပ်စွာကိုးကွယ်ခွင့် ငြင်းပယ်ခံရ

1. BHRN condemns the rejection of a plea by local Muslims in Chauk Township, Magwe Region, for permission to resume worship in two mosques in the town. These mosques were set on fire by mobs during riots in 2006. The head of the Township Administration Department rejected the proposal after conducting a public vote on whether to honour the plea.

(၁) မကွေးတိုင်းဒေသကြီး ချောက်မြို့တွင် ၂၀၀၆ ခုနစ်က ဖြစ်ပွားခဲ့သည့် ဘာသာရေး၊ လူမျိုးရေးပဋိပက္ခအတွင်း မီးရှို့ ဖျက်ဆီး ပိတ်ပင်ခံခဲ့ရသော ဗလီဂတ်ကျောင်းနှစ်ခုကို ပြန်လည် ဝတ်ပြုခွင့်ရရန် ဒေသခံမွတ်စလင်တို့၏ တောင်းဆိုမှုအား ငြင်းပယ်လိုက်ခြင်းအပေါ် BHRN အနေဖြင့် ကန့်ကွက်ရှုတ်ချပါသည်။ ဒေသခံမွတ်စလင်တို့၏ တင်ပြတောင်းဆိုမှုကို မြို့နယ်အုပ်ချုပ်ရေးမှူးက ရပ်ကွက်အတွင်း ဆန္ဒမဲကောက်ယူကာ ပယ်ချလိုက်ခြင်းဖြစ်သည်။

2. On 26 January 2017, the trustees of the two mosques requested that the Chief Minister of Magwe Region grant permission for Muslims to resume worship in the mosques. Subsequently, in the meeting number 40/2017 of the Regional Government (held on 30 October 2017) it was decided to grant permission for worship to resume in the mosques, but they did not allow for the renovation of the sites. The decision was mentioned in Paragraph 25 of the resolution of the meeting.

(၂) ၂၀၁၇ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် သက်ဆိုင်ရာ ဗလီဂေါပကအဖွဲ့ဝင်များက ဗလီဂတ်ကျောင်းတော်များ၌ ပြန်လည် ဝတ်ပြုခွင့်ရရန် မကွေးတိုင်းဝန်ကြီးချုပ်ထံ တောင်းခံခဲ့ရာ ၂၀၁၇ ခုနစ် အောက်တိုဘာလ ၃၀ ရက်နေ့က ပြုလုပ်သော မကွေးတိုင်းအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၄၀/၂၀၁၇) ဆုံးဖြတ်ချက် အပိုဒ်(၂၅)အရ ပြန်လည်ပြင်ဆင်ခြင်း မပြုဘဲ ဝတ်ပြုနိုင်ရန် ခွင့်ပြုချက်ပေးကြောင်း ဆုံးဖြတ်ခဲ့သည်။

3. However, the Township Administration of Chauk Township delayed the implementation of the resolution agreed to by the Magwe Region government. It also failed to remove the “restricted area” signs placed outside of the mosques.

(၃) သို့သော် တိုင်းအစိုးရ၏ ဆုံးဖြတ်ချက်ကို ချောက်မြို့နယ်အုပ်ချုပ်ရေးအဖွဲ့က ယနေ့တိုင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမရှိဘဲ တားမြစ်နယ်မြေဆိုင်းဘုတ်အားလည်း ဖယ်ရှားခြင်းမပြုဘဲ အချိန်ဆွဲထားခဲ့ပါသည်။

4. The mosques’ board of trustees reminded the District Administration Department on 20 January 2019 and the Township Administration and Development Affairs Department on 10 March that it was necessary to implement the decision recorded by the regional government. The township authorities then planned to hold a public vote to decide whether to grant Muslims permission to resume worship in the two mosques.

(၄) တိုင်းအစိုးရ၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ပေးရန် သက်ဆိုင်ရာဗလီဂေါပကအဖွဲ့မှ ၂၀၁၉ ခုနစ် ဇန်နဝါရီလ ၂၀ရက်နေ့တွင် ခရိုင်အုပ်ချုပ်ရေး ဦးစီးဌာန သို့လည်းကောင်း၊ မတ်လ ၁၀ ရက်နေ့တွင် မြို့နယ်အုပ်ချုပ်ရေးနှင့် စည်ပင်သာယာရေးဌာန တို့ထံလည်းကောင်း ထပ်မံတောင်းဆိုရာတွင် မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနက ဗလီတွင် ပြန်လည်ဝတ်ပြုခွင့် ပြုသင့်/မသင့်ကို ဒေသခံလူထုထံမှ ဆန္ဒမဲကောက်ခံရန် စီစဉ်ခဲ့ကြောင်း သိရှိရသည်။

5. The officials from the Township Administration and Municipal Department went to the residences of 700 families in Wards 9 and 10, where the Myoma and Mingalar Jemaah mosques are located, to collect votes from residents on the request put forward by area Muslims. The authorities later said the proposal was rejected as 427 households voted against allowing Muslims to pray in the mosques in question.

(၅) မြို့နယ်အုပ်ချုပ်ရေးနှင့် စည်ပင်သာယာရေးဌာနတို့၏ ဦးဆောင်မှုဖြင့် မတ်လ ၃၀ နှင့် ၃၁ ရက်နေ့တို့တွင် မြို့မဗလီနှင့် မင်္ဂလာဂျာမေဗလီရှိရာ ရပ်ကွက်(၉)နှင့် ရပ်ကွက်(၁၁)ရှိ ပြည်သူများထံ တစ်အိမ်တက်ဆင်း ဆန္ဒမဲကောက်ခံခဲ့သည်။ အဆိုပါရပ်ကွက်နှစ်ခုမှ အိမ်ထောင်စု ၇၀၀ ကျော်ရှိသည့်အနက် ကန့်ကွက်မဲ ၄၂၇ မဲဖြင့် ပိတ်ပင်ခံဗလီကျောင်းများ ပြန်လည်ဝတ်ပြုခွင့်ရရေး တောင်းဆိုချက်ကို ပယ်ချလိုက်သည်။

6. The move by the Chauk Township General Administration Department is not only a clear breach of an order from the Magwe Region government, it has also stirred up hatred among the members of different religions and risks inciting further hostilities.

(၆) ချောက်မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၏ အဆိုပါ လုပ်ရပ်မှာ မကွေးတိုင်းအစိုးရမှဆုံးဖြတ်ထားသော အထက်အမိန့်ကိုဆန့်ကျင်သွေဖည်ရာ ရောက်သည့်အပြင်ဒေသခံများအကြားလူမျိုးရေးအမုန်းပွားမှု၊ရန်လိုမှုများဖြစ်ပေါ်စေရန် လှုံ့ဆော်သည့်မှားယွင်းသောလုပ်ရပ်ပင်ဖြစ်သည်။

7. Moreover, the move to make a decision on the use of a religious site through public vote is also in breach of Section 354 (D) of the 2008 Constitution. This section states that every citizen has the right to develop their language, literature, culture, religion, and customs without prejudice to the relations between one national race and another or among national races and to other faiths.

(၇) ထို့အပြင် ဘာသာရေးအဆောက်အအုံတစ်ခုကို ဘာသာမတူသူများ၏ မဲဆန္ဒဖြင့် ခွင့်ပြု/မပြု ဆုံးဖြတ်ခြင်းမှာ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၅၄(ဃ)နှင့် လည်း ဆန့်ကျင်နေပါသည်။ ပုဒ်မ ၃၅၄(ဃ)တွင် တိုင်းရင်းသား အချင်းချင်း ကိုသော်လည်းကောင်း၊ အခြားဘာသာသာသနာကိုသော်လည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုး သည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်ပေးထားသည်။

8. Similarly, the move is in violation of Article 363 of the Constitution, which calls for protection of the religions accepted by the State—including Islam. The administrative authorities have the duty to protect the rights of minority religions to practice their faith freely.

(၈) အလားတူ အခြေခံဥပဒေပုဒ်မ(၃၆၃)တွင် နိုင်ငံတော်သည် အစ္စလာမ်အပါအဝင် အသိအမှတ်ပြုထားသော ဘာသာ သာသနာများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်ဟု ပါရှိသဖြင့် အုပ်ချုပ်ရေးအာဏာပိုင်အနေဖြင့် လူနည်းစုများ၏ ဘာသာရေး ကျင့်သုံးမှု လွတ်လပ်စွာဆောင်ရွက်နိုင်ခွင့်ကို အကာအကွယ်ပေးရန် တာဝန်ရှိနေပါသည်။

9. According to a statistics released by the Administration Department, there are more than 1, 300 Muslims living in Chauk and two Islamic religious buildings in the town. BHRN calls on the authorities to reopen the two mosques, as local Muslims are currently unable to worship on important religious occasions.

(၉) ၂၀၁၇ ခုနှစ် အထွေထွေအုပ်ချုပ်ရေးဌာန၏ စာရင်းထုတ်ပြန်ချက်အရ ချောက်မြို့တွင် အစ္စလာမ်ဘာသာဝင်လူဦးရေ ၁၃၀၀ ကျော်ရှိပြီး အစ္စလာမ်ဘာသာရေးအဆောက်အအုံ ၂ ခုရှိကြောင်း သိရသည်။ အဆိုပါ ဗလီ ၂လုံးမှာ ပိတ်ပင်ခံ ထားရသည့်အတွက် မြို့ခံမွတ်စလင်များ၏ အစ္စလာမ်ဘာသာရေးဆိုင်ရာ ဝတ်ပြုဆုတောင်းခြင်း၊ နေ့ထူးနေ့မြတ်များ တွင် တရားအားထုတ်ခြင်း စသည်တို့ မပြုလုပ်နိုင်ဘဲ ကာလရှည်ကြာစွာ အခက်အခဲမျိုးစုံနဲ့ ရင်ဆိုင်နေရသဖြင့် ဖျက်ဆီး ပိတ်ပင်ခံ ဗလီနှစ်လုံးအား အမြန်ဆုံး ပြန်လည်ဖွင့်လှစ် ဝတ်ပြုခွင့်ပြုရန် BHRN က တောင်းဆိုပါသည်။

10. Instead of protecting the rights enshrined in Article 18 of the Universal Declaration of Human Rights and in the 2008 Constitution, the local authorities sought public vote as a method to make a binding decision on a religious issue, and an issue of fundamental rights. We strongly condemn such a move. We believe that it could set a dangerous precedent in resolving

outstanding issues related to other mosques in the country, as well as encourage hostilities against the Muslim community and ruin any existing harmony that they share with their neighbours.

(၁၀) နိုင်ငံတကာ လူ့အခွင့်အရေးကြေညာ စာတမ်း (UDHR)အပိုဒ်(၁၈) နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသော အခြေခံအခွင့်အရေးဖြစ်သည့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည့်အစား ရပ်ကွက်လူထုမဲဆန္ဒဖြင့် အဆုံးအဖြတ်ရယူခဲ့ခြင်းကို လုံးဝရှုတ်ချပါသည်။ အခြားမြို့နယ်များရှိ ပိတ်ပင်ခံ ဗလီကျောင်း များတွင်ပါ အလားတူ ကျင့်သုံးလာနိုင်ဖွယ်ရှိပြီး အသိုင်းအဝိုင်းနှစ်ခုအကြား ရန်လိုမုန်းထားကာ လူမှုသဟဇာတ ပျက်ပြားစေမည့် အန္တရာယ်လည်း ရှိနေပါသည်။

11. We call on the State leaders take legal action against staff members at the local level who are contributing to the furthering of tension between Buddhist and Muslim communities.

(၁၁) ဗုဒ္ဓဘာ သာဝင်များနှင့် မွတ်စလင်များအကြား တင်းမာမှုဖြစ်လာစေရန် တွန်းအားပေးနေသည့် အောက်ခြေဝန်ထမ်း အဖွဲ့အစည်းများအား အမြန်ဆုံးဖော်ထုတ် အရေးယူပေးပါရန် နိုင်ငံတော်အဆင့်တာဝန်ရှိသူများကို တောင်းဆိုပါသည်။

12. As a demonstration of commitment to social harmony and religious tolerance, BHRN calls for the reopening of mosques across Myanmar that have been damaged during riots and subsequently closed.

(၁၂) မြန်မာနိုင်ငံအနှံ့အပြားတွင် ပဋိပက္ခဖြစ်ပွားမှုကြောင့် ဖျက်ဆီးပိတ်ပင်ခံထားရသော အလားတူ ဗလီဂတ်ကျောင်း အများအပြားရှိပြီး အဆိုပါ ဗလီဂတ်ကျောင်းများကိုလည်း အမြန်ဆုံးပြန်လည်ဖွင့်လှစ်ကာ လူမှုရေးသဟဇာတနှင့် ဘာသာရေးသဘောထားကြီးမှုကို ဖော်ထုတ်ပြသရန် BHRNက တောင်းဆိုလိုက်သည်။

## Background on the Burma Human Rights Network (BHRN)

Burma Human Rights Network (BHRN) is based in London and operates across Burma/Myanmar works for human rights, minority rights and religious freedom in Burma. BHRN has played a crucial role advocating for human rights and religious freedom with politicians and world leaders.

## Media Enquiries

Please contact:

**Kyaw Win**
Executive Director
Burma Human Rights Network
kyawwin78@gmail.com
+44(0) 740 345 2378
http://www.bhrn.org.uk